| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ကောင်း ☐ သင့် ☐ မဖြေဆိုပါ ☑ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည်☑<br>မဖြေဆိုပါ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐<br>နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☑ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်သည် ☐ အသင့်အတင့် ☐ မဖြေဆိုပါ☑ |
| အလုပ်အကိုင် အခွင့်အလမ်း | များ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာအတွင်းရှိ အခြားဝင်ငွေရလုပ်ငန်းများတွင် ကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စုအရေအတွက် နည်းပါးပြီး အလုပ်သမား၊ ဝန်ထမ်းအနေဖြင့် လုပ်ကိုင်သူပိုမိုများ ပြားပါသည်။

## (၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | ရှားပါး ☑ လုံးဝမရှိ ☐ မဖြေဆိုပါ ☐ |
| လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း ☐ ဈေးကွက်မရှိ ☐ မဖြေဆိုပါ ☑ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် ☑<br>လုံးဝ နားမလည် ☐ မဖြေဆိုပါ ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့ ☐ အလွန်ညံ့ ☐ မဖြေဆိုပါ ☑ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှု နည်းသည် ☐ ကုန်ကြမ်း မရှိပါ ☐ မဖြေဆိုပါ ☑ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ပုံမှန်မရပါ ☐ လုံးဝ မရပါ☑ မဖြေဆိုပါ ☐ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေမရရှိပါ ☐ ချေးငွေမရပါ ☑<br>မဖြေဆိုပါ ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင် ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရပါ ☑<br>နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ ☑ လုံးဝ မတတ် ☐<br>မဖြေဆိုပါ ☐ |
| အလုပ်အကိုင် အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း ☐<br>အလုပ်အကိုင် အခွင့်အလမ်း မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှဆန်၊ စပါး၊ ပဲများထုတ်လုပ်သော်လည်း ဈေးကွက်ဆိုင်ရာချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်းမီမှုအားနည်းခြင်း၊ မိရိုးဖလာအလုပ်များကိုသာ အာရုံစိုက်၍လုပ်ကိုင်ကြခြင်းတို့ကြောင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ပြဿနာနှင့် အခက်အခဲများဖြစ်နေပါသည်။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | “ရွှေ့ပြောင်းသွားလာ နေထိုင်သူ” တစ်ဦးအနည်းဆုံး ရှိသော အိမ်ထောင်စု နှင့်လူဦးရေ | ၂၅ | - | - | - | ၃၁ | ၁၀ | ၄၁ | ၃၁ | ၁၀ | ၄၁ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | | | | ၄ | - | ၄ | ၄ | - | ၄ |
| | ၆ လ အထိ | | | | | ၇ | ၂ | ၉ | ၇ | ၂ | ၉ |
| | ၁၂ လ အထိ | | | | | ၁၀ | ၃ | ၁၃ | ၁၀ | ၃ | ၁၃ |
| | ၁၂ လ အထက် | | | | | ၁၀ | ၅ | ၁၅ | ၁၀ | ၅ | ၁၅ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**မှတ်ချက်။** ။ ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှု/မဝင်မှု၊ ရွှေ့ပြောင်းသွားလာသူ၏ သဘောဆန္ဒပါမှု/မပါမှု စသည်ဖြင့်မခွဲခြားဘဲ၊ ကြာမြင့်ချိန်အနည်းအများမကန့်သတ်ဘဲ၊ မည်သည့်အကြောင်းအရင်းကြောင့် ရွှေ့ပြောင်းသွားလာရသည်ဖြစ်စေကာမူ မူလဌာနေဒေသတစ်ခုမှ နိုင်ငံခြားသို့ဖြစ်စေ၊ ပြည်တွင်းတစ်နယ်တစ်ကြေးသို့ဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်သူတိုင်းကို **“ရွှေ့ပြောင်းသွားလာနေထိုင်သူ”** ဟုသတ်မှတ်သည်။ ယခင်ကရွှေ့ပြောင်း သွားလာနေထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည်အခြေချနေထိုင်လျှက်ရှိသူများသည် ဤဇယားတွင်အကျုံး မဝင်ပါ။ ယခုလတ်တလောတွင် ခရီးယာယီ သွားနေသူများသည်လည်း ဤဇယားတွင် အကျုံးမဝင်ပါ။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာမှ ပြောင်းရွှေ့သွားလာလုပ်ကိုင်နေကြသူအများစုမှာ ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများဖြစ်ကြသည်။ ပြည်တွင်းရှိ အထည်ချုပ်စက်ရုံများ၊ လက်သမား၊ ပန်းရံ လုပ်ငန်းခွင်များ၊ ယာဉ်မောင်းလုပ်ကိုင်သူများဖြစ်ကြပါသည်။ အများအားဖြင့် ကာလရှည်သွားရောက် လုပ်ကိုင်ကြသူများဖြစ်ကြပါသည်။ ပြည်တွင်းပြည်ပနှစ်ခုလုံး၌ အမျိုးသားဦးရေပိုများပါသည်။

### (ဂ-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၄၁ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာမှ ပြောင်းရွှေ့သွားလာလုပ်ကိုင်နေကြသူများမှာ လုပ်ခလစာ ပိုမိုရရှိခြင်းနှင့် အလုပ်အကိုင်ပုံမှန်ရှိခြင်းတို့ကြောင့် သွားရောက်လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။ ကျေးရွာရှိ လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာများ ပိုမိုအသုံးပြုလာခြင်း၊ တောင်သူများသည် လုပ်ငန်းခွင်မှ အကျိုးအမြတ်အရနည်းသဖြင့် လုပ်အားခမြင့်မားစွာ မပေးနိုင်ခြင်း စသည်တို့ကလည်း ကျေးရွာအတွင်း အလုပ်အကိုင် အခွင့်အလမ်း ရှားပါးလာရခြင်း၏ အကြောင်းရင်းများဖြစ်ပါသည်။

**(ဂ-၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ**

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၁၅ | | | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | | |
| | - ခ။ ဘဏ် | | | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | | | ☒ | |
| | - ဃ။ အထက်ပါ(က၊ခ၊ဂ)အနက်မှ နည်းလမ်းနှစ်မျိုးကို အသုံးပြု၍ | ၁၅ | | | |
| | - င။ အထက်ပါ(က၊ခ၊ဂ)အနက်မှ နည်းလမ်းသုံးမျိုးလုံးကို အသုံးပြု၍ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာရှိ အိမ်ထောင်စုများ၏ (၉%)မှာ ပြင်ပတွင်သွားရောက် လုပ်ကိုင်သူများ၏ ပြန်ပို့ငွေကိုအလယ်အလတ်မှီခိုနေရပါသည်။ လုပ်အားခရရှိသော ငွေကြေးများကို ဘဏ်ဖြင့်သော်လည်းကောင်း၊ လူကြုံဖြင့်သော်လည်းကောင်း ပြန်ပို့ပေးကြပါသည်။

**(ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်**

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | | |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင် ☑ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☑ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☑ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☑ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☑ လှေ ☐<br>စက်လှေ ☐ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☑ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☑ အဝတ်အထည်☐<br>ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☑<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☐ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန် ခြောက်) ☑ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☑ အဝတ်အထည်☑<br>ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ☑<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☑ |
| ဈေးအခြေခံအဆောက်အဦ | ကောင်း☐ သင့်☑ ညံ့☐ | ကောင်း ☐ သင့်☑ ညံ့☐ |
| ဝန်ဆောင်မှု | ကောင်း☐ သင့်☑ ညံ့☐ | ကောင်း☐ သင့်☑ ညံ့☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာအနေဖြင့် အရေးပေါ်လိုအပ်မှုများ ဝယ်ယူရန်နှင့်ရောင်းချရန် ( )မိုင်ခန့်ဝေးသည့် မုန်းဈေးသို့ သွားရောက်လေ့ရှိပါသည်။ ကျောက်ကြီးမြို့မဈေးသို့ သွားရောက်ပါက ( ) ခန့်ဝေးသဖြင့် မုန်းဈေး၌ဝယ်ယူ၍မရသော ပစ္စည်းများရှိမှသာသွားရောက်ဝယ်ယူကြပါသည်။ ကျောက်ကြီးမြို့သို့ဆိုင်ကယ်ဖြင့်သွားရောက်လျှင် ကယ်ရီခအသွား/အပြန်(၅၀၀၀/-) ခန့်ကုန်ကျမည်ဖြစ်ပြီး မုန်းမြို့သို့ သွားရောက်ပါက ကယ်ရီခအသွား/အပြန်(၃၀၀၀/)ကျပ်ခန့်ကုန်ကျမည်ဖြစ်ပါသည်။

## (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ ☐<br>ကာလရှည်ချေးငွေ☑ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☑<br>တစ်နှစ်နှင့် အထက် ☐ | ၀ မှ ၂ % ☑<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☑<br>မလိုအပ်ပါ ☐ | နည်းသည် ☑<br>ရှိသည် ☐<br>မရှိပါ ☐ |
| သမဝါယမချေးငွေ | ကာလတိုချေးငွေ ☑<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း ☑<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | ၀ မှ ၂ % ☑<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☑ | နည်းသည် ☑<br>ရှိသည် ☐<br>မရှိပါ ☐ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | ၀ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှု ကဏ္ဍ | ကာလတိုချေးငွေ ☐<br>ကာလရှည်ချေးငွေ☑ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☑<br>တစ်နှစ်နှင့် အထက် ☑ | ၀ မှ ၂ % ☐<br>၂ မှ ၅% ☑<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☑ | နည်းသည် ☐<br>ရှိသည် ☑<br>မရှိပါ ☐ |
| အဖွဲ့အလိုက် ငွေစု/ ငွေချေး အစီအစဉ် | ကာလတိုချေးငွေ ☑<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | ၀ မှ ၂ % ☐<br>၂ မှ ၅% ☑<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ ☑<br>ကာလရှည်ချေးငွေ☑ | နေ့စဉ် ☐<br>လစဉ် ☑<br>၃-၆ လအတွင်း ☑ | ၀ မှ ၂ % ☐<br>၂ မှ ၅% ☑<br>၅ မှ ၁၀ % ☑ | လိုအပ်သည် ☑<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☑<br>မရှိပါ ☐ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| | | ၆လမှ တစ်နှစ်ထိ ☑<br>တစ်နှစ်နှင့် အထက် ☑ | ၁၀% ထက်☐ | | |
| အပေါင်ဆိုင် | ကာလတိုချေးငွေ ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ် ☐<br>လစဉ် ☐<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | ၀ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလတိုချေးငွေ ☑<br>ကာလရှည်ချေးငွေ☑ | နေ့စဉ် ☐<br>လစဉ် ☑<br>၃-၆ လအတွင်း ☑<br>၆လမှ တစ်နှစ်ထိ ☑<br>တစ်နှစ်နှင့် အထက် ☑ | ၀ မှ ၂ % ☑<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☑<br>မလိုအပ်ပါ ☐ | နည်းသည် ☑<br>ရှိသည် ☑<br>မရှိပါ ☐ |

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင်(၁၅၀၀၀၀)ကျပ်နှုန်းထုတ်ချေးပေးပြီး အများဆုံးထုတ်ချေးငွေမှာ(၁၅၀၀၀၀၀)ကျပ်ဖြစ်ပါသည်။ အတိုးနှုန်းမှာ(၀.၆၇) ကျပ်နှုန်းဖြစ်ပြီး ထုတ်ချေးသည့်ကာလမှာ (၆)လဖြစ်ပါသည်။

**(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | | |
|---|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့်☐ | လတ်☑ | နိမ့်☐ |
| အပင်မျိုးစိတ်များ | မြင့်☐ | လတ်☑ | နိမ့်☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့်☐ | လတ်☑ | နိမ့်☐ |
| ရေအရင်းအမြစ် | မြင့်☐ | လတ်☑ | နိမ့်☐ |
| ငါးမျိုးကွဲများ | မြင့်☐ | လတ်☐ | နိမ့်☑ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့်☐ | လတ်☐ | နိမ့်☑ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့်☐ | လတ်☐ | နိမ့်☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမြေများတွင် အချို့လယ်မြေများတွင်နွားချေးမြေသြဇာကို ပြန်လည်ဖြည့်တင်းမှုရှိသော်လည်း အများအားဖြင့် ဆောင်ရွက်မှုမရှိကြောင်းတွေ့ရှိရပါသည်။ ဓာတုမြေသြဇာများ သုံးစွဲမှုမြင့်မားလာသည့်အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ စိုက်ပျိုးသီးနှံများတွင် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းသည့် နည်းလမ်းများ သိရှိရန် လိုအပ်နေဆဲ ဖြစ်ပါသည်။

**(ဆ) ပညာရေး**

**(ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု**

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၈ | ၅ | ၁၃ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၁၀၂ | ၃၉၉ | ၅၀၁ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၆၅ | ၄၅ | ၁၄၀ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၃၀ | ၄၇ | ၇၇ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၄ | ၆ | ၁၀ |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**မှတ်ချက်။** ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော** အတန်းပညာတက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင်ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာတွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန်ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက် ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။

ဥပမာ - ယခုစာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8)တွင် ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို **"အလယ်တန်းအဆင့်ရှိသူဦးရေ"** တွင်ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း (Grade 3)တွင် ပညာသင်ကြားနေသည်ဆိုသော်၊ သို့မဟုတ် **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ - ဘုန်းကြီးကျောင်းထွက်)** ရှိသည်ဆိုသော် အဆိုပါကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို **"မူလတန်းအဆင့်ရှိသူဦးရေ"** တွင်သာ ထည့်သွင်းရပါမည်။ **"ဘုန်းကြီးကျောင်းသင်ပညာရေး(ဘက-ကျောင်း)"**ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်းသူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီး ဖြစ်သော်လည်း စာလုံးဝမတတ်ပါက **"စာမတတ်သူဦးရေ"** တွင်သာ ဖြည့်သွင်းရန်ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာတွင် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၈၁.၅% ရာခိုင်နှုန်းရှိပါသည်။ ဘွဲ့ရသူဦးရေ( ) ဦးအထိရှိနေပြီး မူလတန်းပညာတတ်မြောက်မှုမှာ (၉)နှစ်အထက် လူဦးရေ၏ (၇၅%)ရှိပြီး အလယ်တန်းနှင့် အထက်တန်းတို့တွင် သိသာစွာလျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့် တက္ကသိုလ်ပညာပြီးဆုံးသူနှုန်းတို့မှာ မကွာသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိကဖြစ်ကြောင့် တွေ့ရှိရပါ သည်။

## (ဆ-၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၀၂ | ၃၉၉ | ၅၀၁ |
| အလယ်တန်း | ၆၅ | ၇၅ | ၁၄၀ |
| အထက်တန်း | ၃၀ | ၄၇ | ၇၇ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၆ | ၁၀ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသောကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်** အညီ သတ်မှတ် ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာ အခြေခံမူလွန်ကျောင်းတွင် ကျောင်းသား(၁၉၇)ဦး ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ပညာသင်ကြားရေးစနစ်ကြောင့် လုံးဝကျောင်းမနေသူဦးရေမရှိပါ။ ဘာသာရေးဆိုင်ရာကျမ်းစာကျောင်းတက်ရောက်သူ(၅)ဦးခန့်ရှိပြီး ကျောက်ကြီးမြို့၊ ညောင်လေးပင်မြို့နှင့် ရန်ကုန်မြို့များတွင် တက်ရောက်ကြပါသည်။

ရွာဟောင်းကျေးရွာတွင် မူလတန်းလွန်အဆင့်ဖြစ်သော်လည်း စာသင်ဆောင် အခက်အခဲကြောင့်(၆)တန်းအဆင့်အထိသာရှိပြီး အောင်မြင်သူများမှာ (၁)မိုင်ခန့်ဝေးသည့် နောင်ဘိုတာလိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားကြပါသည်။ အလယ်တန်းအဆင့်ဖြစ်သော (၇)တန်းနှင့် (၈)တန်းတွင်(ကျား-၁၁+ မ-၂၃ ဦး)၊ အထက်တန်းအဆင့်တွင် (ကျား-၃၀+ မ-၄၇)ဦး၊ စုစုပေါင်း(၁၁၁)ဦးသည် ကျောင်းဖွင့်ရက်တိုင်း စက်ဘီးနှင့် လမ်းလျှောက်သွားကြပါသည်။ တောင်ငူတက္ကသိုလ်နှင့် အခြားအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် တက်ရောက်သူများမှာ (၁၀)ဦးဖြစ်ပါသည်။

## (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☑<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| ခ။ ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၉၀”× ၃၀” | | | | | | | | |
| င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း ☑ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☑<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☑ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဈ။ ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၃ | ၆ | ၉ | | | | | | |
| ကျေးရွာခန့် | - | ၃ | ၃ | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက(က၊ခ၊ဂ)ကိုသာဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ(စတုရန်းပေ = အလျား × အနံ)သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်း အဆောက်**

**အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ မူလတန်းလွန်ကျောင်းမြေနေရာမှာ ရွာ၏မြောက်ဘက်တွင် တည်ရှိပါသည်။ အဆောက်အဦးမှာ အလျား ၉၀ပေ၊ အနံ ၃၀ပေရှိ ပင်မဆောင်(၁)ဆောင်ဖြစ်ပြီး သွပ်မိုး၊ အုတ်ကာ၊သံမံတလင်းခင်းဖြစ်ပါသည်။ စာသင်ခန်းမလုံလောက်သဖြင့် တောင်ထန်းမိုး၊ တာလပတ်ကာ၊ မြေစိုက် ယာယီဆောင်(၁)ဆောင်မှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားပြီး စာသင်ခန်း (၃)ခန်းရှိပါသည်။ KG ဆောင်မှာ သီးသန့်ဖြစ်ပြီး အုပ်တစ်ဝက်ပတ်ပြီး သံဇကာ ကာ၍ သွပ်မိုး(၁)ဆောင်ဖြစ်ပါသည်။

လက်ရှိအနေအထားတွင် ကျောင်းသား/သူစုစုပေါင်း (၂၅၈)ဦး ပညာသင်ကြားနေပြီး အစိုးရခန့် ဆရာ/မ(၉)ဦးနှင့် ကျေးရွာမှခန့်ထားသည့် ဆရာမ(၃) ဦး၊ စုစုပေါင်း(၁၂) ဦးရှိသောကြောင့် တပည့်-ဆရာအချိုးမှာ ၂၁ ဖြစ်သဖြင့် အချိုးမျှတပါသည်။

ကျောင်းတွင်းအိမ်သာကို အုတ်ခံသစ်သားဖြင့် အစိုးရမှ(၂)ခန်းတွဲအိမ်သာ(၁)လုံး၊ ကျေးရွာမှကိုယ်ထူကိုယ်ထ(၁)လုံး ဆောက်လုပ်ထားပါသည်။ ကျောင်းဝင်းအတွင်း ရေဘုံပိုင်(၁)လုံး ရှိသော်လည်း ရေမကောင်းသဖြင့် ရွာတွင်းမှသွားရောက်သယ်ယူ၍ အသုံးပြုပါသည်။ ကျောင်းအတွင်းရှိ စာရေး၊ စာဖတ်ခုံ၊ စားပွဲ၊ ကျောက်သင်ပုန်း၊ ဗီရိုစသည်တို့ရှိသော်လည်း လုံလောက်မှုမရှိသေးပါ။ ပညာရေးနှင့်ပတ်သက်၍ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းကော်မတီများဖွဲ့စည်းထားပြီး ကျောင်းအုပ်မှ လိုအပ်သည့်အခါတိုင်း အစည်းအဝေးများပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်ကြပါသည်။

## (ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☑ မလုံလောက် ☐ |
| တပည့် – ဆရာ အချိုး | ၄၀: ၁ အောက် ☐ ၄၀: ၁ အထက် ☐ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ☑ လတ် ☐ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☑ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် ☑ မလုံလောက် ☐ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် ☐ အသင့်အတင့် ☑ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ ☐ နည်း ☑ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့်ရနေပါသည်။ ဆရာ/ဆရာမများအတွက် ဝန်ထမ်းအိမ်ရာနှင့် ကုန်ကျစရိတ်သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်းလိုအပ်နေပါသည်။

## (ဇ) ကျန်းမာရေးနှင့် အာဟာရ

### (ဇ-၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☑ | မရှိ☐ |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာအတွင်း ရာသီဖျားနာတုပ်ကွေး၊ သွေးတိုး၊ ဆီးချို၊ လေငန်း၊ ကျိုးပေါင်း၊ တီဘီနှင့် အသည်းရောင်အသားဝါရောဂါ ဖြစ်ပွားသူများရှိပြီး ကျေးလက်ကျန်းမာရေးဌာန လည်း မရှိသေးပါ။ ရွာနှင့် (၅)မိုင်ခန့်ဝေးသည့် မုန်းတိုက်နယ်ဆေးရုံတွင် သွားရောက် ကုသမှုခံယူရသဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲရှိပါသည်။ ကျေးရွာတွင် အရန်သားဖွား သင်တန်းတက်ပြီးသူ(၃) ဦးခန့်ရှိပြီး (၁)ဦးသာ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပါသည်။ ငှက်ဖျား သင်တန်းတက်ရောက်သူ (၁)ဦးလည်းရှိပါသည်။

### (၉–၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | √ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | √ |
| ၃ | ပိုလီယိုရောဂါ | | √ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | | √ |
| ၅ | ဝက်သက်ရောဂါ | | √ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | √ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | √ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | √ | |

ရင်းမြစ်…(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ တပ်ကုန်းကျေးရွာရှိ သားဖွားဆရာမမှ အပတ်စဉ်ပုံမှန် လာရောက်၍ ကိုယ်ဝန် ဆောင်မိခင်များအား စစ်ဆေးပေးခြင်းနှင့် ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခြင်းစသည် တို့ ဆောင်ရွက်ပေးပါသည်။

### (၉–၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐ | ရှိ ☑<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| | ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑ | ရှိ ☑<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☑<br><br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☑<br><br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ် တကျ သိုလှောင်ထားခြင်း မရှိပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျန်းမာရေးတစ်ခုခုဖြစ်ပွားပါက (၅)မိုင်ခန့်ဝေးသော မုန်းတိုက်နယ်ဆေးရုံသို့ အဓိကထား၍ သွားရောက်ကြပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမသည် တစ်လတစ်ကြိမ်ကွင်းဆင်းပြီး လိုအပ်သည်များ ဆောင်ရွက်ပေးပါသည်။ အသေးစား ကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင်ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက်မှာ မုန်းကျေးရွာနှင့် ကျောက်ကြီးမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

ကျေးရွာအတွက်ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန် ကျေးရွာနှင့်(၃)မိုင်ခန့်ဝေးသည့် ကျွန်းပင်ဆိပ်ကျေးရွာတွင် ကျန်းမာရေးဌာနဆောက်လုပ်ထားသော်လည်း ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါ။ ကျန်းမာရေးဌာနဝန်ထမ်းများနှင့် Save the Children အဖွဲ့အစည်းမှ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးလျက်ရှိပါသည်။

**(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(ဈ-၁) သောက်သုံးရေ ရရှိမှု**

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက် မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၂၀ | ရှိ☐ မရှိ☑ | ကောင်း☑ သင့်☐ ညံ့☐ | နွေ ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက် မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| | | | | မိုး ☐<br>ဆောင်း ☑ |
| အဝီစိတွင်း/ စက်တပ် | ၂ | ရှိ☐ မရှိ☑ | ကောင်း☑ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ တုံကင် | ၁၆၄ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☑ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| မိုးရေ သိုလှောင်ကန် | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုများသည် ခြံဝင်းအတွင်း အဝီစိတွင်း၊ တုံကင်များရှိကြပြီး ငွေကြေးတတ်နိုင်သည့် အိမ်ထောင်စုများမှ စက်တပ်အဝီစိတွင်းများမှ သောက်သုံးရေများကို ရယူကြပါသည်။ ကျေးရွာမြောက်ဘက်ရှိ အိမ်ခြေအားလုံးမှာ ရေဝါ၍ စစ်ပြီးသုံးခြင်းနှင့် အခြား ကောင်းသည့်ရေကို သွားရောက်ခပ်ယူခြင်းများ ပြုလုပ်၍သုံးစွဲကြပါသည်။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၁ |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၂၆ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၄၂ |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| တွင်းမရှိ အိမ်သာ | ၁၂ |
| အိမ်သာမရှိ | ၅ |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ယင်လုံအိမ်သာအသုံးပြုသူ အိမ်ထောင်စုမရှိသော်လည်း ရေလောင်းအိမ်သာ သုံးစွဲသူ (၁၂၆)အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာဆောက်လုပ်ရန် ကုန်ကျစရိတ်များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြဘဲ ကျင်းအိမ်သာ၊ မြေပေါ်အိမ်သာနှင့် တောထိုင်ခြင်းများ ပြုလုပ်ကြပါသည်။ ထို့ကြောင့်အိမ်တိုင်းစေ့ ယင်လုံအိမ်သာဆောက်လုပ်ကြရန်နှင့် ကျန်းမာရေးအသိ ပညာပေးဟောပြောပွဲများကို KDN ၊ Save the Children စသည့်အဖွဲ့အစည်းများမှ လာရောက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**(ည) ကျား – မ ရေးရာ**

ဇယား (၃၉) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☑ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☑ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု | ရှိ ☑ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသားများပါဝင်မှုအားနည်းပါသည်။ ရွာလုံးကျွတ်အစည်းအဝေးခေါ်လျှင်· အမျိုးသမီးများသာတက်ရောက်မှုများကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် Save the Children အဖွဲ့အစည်းမှ ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးလျက်ရှိပြီး လူထု၏ အသိအမြင်များရှိသဖြင့် အကြမ်းဖက်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

**(ဋ) အခြေခံ အဆောက်အဦများ အခြေအနေ**

**(ဋ-၁) ကျေးရွာ၏ လမ်းတည်ရှိမှု**

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐ ၂☑ ၃☐ | ကောင်း☐ | ၆လမှ ၁နှစ် ☐ | ပွင့်လင်း ရာသီ ☐ | ၀–၁ မိုင် ☐ |

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| | ၄☐ ၅☐ | သင့် ☑<br>ညံ့ ☐ | ၂နှစ်မှ ၅နှစ် ☑<br>၅နှစ် အထက်☐ | တစ်နှစ်ပတ်လုံး☑ | ၁-၅ မိုင် ☑<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☑ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ☑<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ်<br>☑၅နှစ်<br>အထက်☐ | ပွင့်လင်း ရာသီ ☑<br>တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☑<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာရှိ ရွာတွင်းလမ်းများမှာ (၅)လမ်းခန့်ရှိပြီး စုစုပေါင်းအရှည်မှာ ၂၀၀၀ ပေခန့်ရှိပါသည်။ လမ်းများမှာ လွန်ခဲ့သည့်(၇)နှစ်ခန့်က ပြန်လည်ပြုပြင်ထားသော်လည်း ၂၀၁၈-၂၀၁၉ ခုနှစ်တွင် လွှတ်တော်ရန်ပုံငွေသိန်း(၁၀၀၀)ဖြင့် ၆၆၀ပေ(၁)လမ်းသာ အဆင့်မြှင့် ထားပါသည်။ ရွာတွင်းလမ်းများမှာ ကျောက်ရောမြေခင်းထားသောလမ်းများဖြစ်ပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် နှစ်စဉ်ပြုပြင်လျက်ရှိပါသည်။ လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ကျေးရွာအနေဖြင့် များစွာနစ်နာလျက်ရှိပါသည်။ ရွာချင်းဆက်လမ်း(၂)လမ်းရှိပြီး ငှက်ပျောတောနှင့် ရှမ်းလေးစုရွာသို့ ဆက်သွယ်သောလမ်းများဖြစ်ပါသည်။ စစ်တောင်းမြစ်ရေကြီးရေလျှံမှုဖြစ်စဉ်က ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ရေကျော်မှုရှိသော်လည်း နှစ်တိုင်းရေကျော်မှုမဖြစ်ပေ။ မိုးရာသီ၌ ရွာအနီးရှိ အင်းမှရေလျှံ၍ ရွာအတွင်းရှိနေအိမ်ခြံများ ရေလျှံရေဝပ်မှုများရှိသော်လည်း လမ်းပေါ်ရေကျော်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ စာသင်ကျောင်းရှေ့ရှိ ကျောက်ရောမြေလမ်းမှာ ၃ပေခန့်သာရှိသဖြင့် လမ်းဘေးတစ်ဘက်ရှိ ရေမြောင်းနှင့် တစ်ဘက်ရှိအိမ်ခြံမြေများကို ချဲ့၍လမ်းစံနှုန်းကိုက်ညီ ရန်ခြံရှင်များနှင့် ညှိနှိုင်းရန်လိုအပ်နေပါသည်။ သို့သော် ရန်ပုံငွေလုံလောက်မှုမရှိသဖြင့် ရွာတွင်းလမ်းများ နှင့်ရွာချင်းဆက်လမ်းများ နှစ်စဉ်မပြုပြင်နိုင်သဖြင့် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | ၂၃’× ၁၅’×၇’ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☑ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| သစ်သား တံတား | ၂၅၀’×၁၀’ ×၁၈’ | ကောင်း ☐<br>သင့် ☑ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐ | ပွင့်လင်း ရာသီ ☑<br>တစ်နှစ်ပတ်လုံး ☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| | | ညံ့ ☐ | ၅နှစ် အထက် ☑ | |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | ၂(၃'ф×၅') | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ | ၆လမှ ၁နှစ် ☑<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☑ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာနှင့် ရှမ်းလေးစုကျေးရွာသို့ ဆက်သွယ်သည့် ကွန်ကရစ်တံတားမှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထဆောင်ရွက်ထားသော တံတားဖြစ်ပြီး (၇)နှစ်ခန့်ကြာမြင့်ပြီဖြစ်ပါသည်။ ရွာဟောင်းကျေးရွာ၏ အနောက်ဘက်ရှိ မြောင်းရိုးကြီးကျေးရွာသို့ဆက်သွယ်နိုင်သည့် သစ်သားတံတား(၁)စင်းမှာလည်း ကိုယ်ထူကိုယ်ထဆောင်ရွက်ထားပြီး အနည်းငယ်ပျက်စီးယိုယွင်းလျက်ရှိပါသည်။ ရှမ်းလေးစုရွာနှင့်ဆက်သွယ်သည့်လမ်းပေါ်ရှိ ရေပြွန်(၁)စင်းမှာ ၂၀၁၈–၂၀၁၉ခုနှစ် တွင်လွှတ်တော်ရန်ပုံငွေ သိန်း(၁၀၀၀)ဖြင့် ဆောင်ရွက်ပြီး ငှက်ပျောတောကျေးရွာသို့ ဆက်သွယ်သည့်လမ်းပေါ်ရှိ ရေပြွန် (၁)စင်းမှာ ကျေးရွာမှကိုယ်ထူကိုယ်ထဆောင်ရွက်သည့် တံတားဖြစ်ပါသည်။ မိုးရာသီတွင် ရေလျှံ ရေဝပ်မှုများ မဖြစ်ပေါ်စေရေးအတွက် ရေပြွန်များ၊ တံတားများဆောင်ရွက်ရန် လိုအပ်နေပါသည်။

## (၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါအကွက်တွင် ✓ ပါ)။**

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | | | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ | ၂ ☐ | ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ | ၂ ☐ | ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာသည် မြစ်ကြောင်း၊ ပင်လယ်နှင့် ဝေးကွာပြီးကုန်း လမ်းပို့ဆောင်ရေးကိုသာ အဓိကအားထား အသုံးပြုကြပါသည်။

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | - | ၈၉ | - | ၁၄ | ၃ | - | ၇၅ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာသည် ကျောက်ကြီး-မုန်း ကားလမ်းဘေးတွင်တည်ရှိသဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ အသုံးပြုသော ယာဉ်များမှာ ကား(၃)၊ ထော်လာဂျီ(၈၉)စီး၊ ဆိုင်ကယ်(၈၉) စီးရှိပါသည်။ လယ်ယာလုပ်ငန်းခွင် အသုံးပြုသည့် နွားလှည်း(၇၅)စီးရှိသော်လည်း အနည်းငယ်သာအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။

## (၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဆိုလာစနစ် | ၁၂၈ | ကောင်း☐ သင့်☑ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☑ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☑ |
| ဒီဇယ်သုံးအင်ဂျင် | ၄ | ကောင်း☐ သင့်☑ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| လေစွမ်းအင် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၂၃ | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☑ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၃၀ | ☒ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာတွင် ဆိုလာစနစ်ဖြင့် အသုံးပြုသူ(၁၂၈)အိမ်ရှိပြီး ဒီဇယ်သုံးအင်ဂျင်ဖြင့် အသုံးပြုသူ(၄)အိမ်ရှိပါသည်။ ဆိုလာပြား မဝယ်နိုင်၍ ဆိုလာရှိသည့်အိမ်များ၌ ဘတ္တရီသွင်း၍ မီးအသုံးပြုသူ(၂၃)အိမ်နှင့် မီးရှိုးဖလာဖြစ်သော မီးခွက်နှင့်ဖယောင်းတိုင်အသုံးပြုသူ(၃၀)အိမ်ခန့် ရှိပါသည်။ ကျေးရွာနှင့် (၄)မိုင်ခန့်ဝေးသော တုံးတောကျေးရွာတွင်လျှပ်စစ်မီးရရှိသော်လည်း ကုန်ကျစရိတ်မတတ်နိုင်သဖြင့် မြို့နယ်လျှပ်စစ်ရုံး၏ NEP စီမံချက်တွင် ပါဝင်မှသာ လျှပ်စစ်မီး ရရှိနိုင်မည်ဖြစ်ပါသည်။

## (၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၁၂၈ | ၅၀ | ၆၀ | ၇ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာတွင် မည်သည့်ဖုန်းလိုင်မဆို ဆက်သွယ်အသုံးပြုနိုင်ပါသည်။

### (ပ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | ရှိ ☐ မရှိ☑ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☑ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☑ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☐ ညံ့☑ မဖြေဆိုပါ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း ☑ များ☐ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာရှိ လူငယ်များမှာ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ခရစ်ယာန်ဘာသာကိုးကွယ်များဖြစ်သဖြင့် ဘာသာရေးအသင်းတော်မှ ကျမ်းစာများ၊ ဘာသာရေးစာပေများဖြန့်ဝေခြင်း၊ သင်တန်းဆရာငှား၍ ကရင်စာပေသင်ကြားခြင်း၊ ကလေးအရွယ်မှ လူငယ်အရွယ်အထိ အသက်အရွယ်အလိုက် ညနေပိုင်းတွင် အချိန်ခွဲပြီး ကရင်စာပေ၊ အဆိုသင်တန်း၊ အတီးသင်တန်းများကို သင်ကြားပေးလျက်ရှိပါသည်။ ခရစ္စမတ်ပွဲတော်၊ နှစ်သစ်ကူးပွဲတော်နှင့် အခြားဘာသာရေးပွဲတော်များအတွက် ကရင်ရိုးရာအကကို သင်ကြားပေးပြီး ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းလျက်ရှိပါသည်။ ဘာသာရေးနှင့်ပတ်သက်၍ ကျောက်ကြီးမြို့၊ ညောင်လေးပင်မြို့နှင့် ရွှေကျင်မြို့များရှိ ကျမ်းစာကျောင်းများသို့ တက်ရောက်သူများရှိပြီး အဆိုပါကျောင်းများမှလည်း လူငယ်များအား ပန်းအလှပြင်သင်တန်းများ၊ ဇာထိုးပန်းထိုးသင်တန်းများ၊ စက်ချုပ်သင်တန်းများတက်ရောက်ရန် ဖိတ်ခေါ်သော်လည်း ကျေးရွာနှင့်ဝေးသဖြင့် တက်ရောက်သူမရှိဘဲ ကျမ်းစာနှင့်ပတ်သက်သည့်သင်တန်းသာ တက်ရောက်သူရှိပါသည်။

### (ဖ) ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး အခြေအနေ

#### (ဖ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင် | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ရာများမှ ဝန်ဆောင်မှုပေးခြင်း | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လွန်ခဲ့သည့်(၁၀) နှစ်ခန့်က NGOအဖွဲ့အစည်း ဖြစ်သည့် KDN အဖွဲ့မှ လာရောက်သင်တန်းပေးခြင်း၊ ဟောပြောပွဲများ ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ မှုခင်းများနှင့် ပတ်သက်၍ ကျေးရွာနှင့် (၅) မိုင်ခန့်ဝေးသည့် မုန်းကျေးရွာတွင် ရဲစခန်းတည်ရှိပါသည်။

(၈-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **မှုခင်းဖြစ်ပွားမှု အခြေအနေ** | စိုးရိမ်ရသည် ☐<br>သာမန် ☑<br>မရှိ ☐ | စိုးရိမ်ရသည် ☐<br>သာမန် ☑<br>မရှိ ☐ | စိုးရိမ်ရသည် ☐<br>သာမန် ☑<br>မရှိ ☐ | စိုးရိမ်ရသည် ☐ သာမန်☑<br>မရှိ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာဟောင်းကျေးရွာတွင် ယာဉ်တိုက်မှုအနည်းငယ်သာရှိပြီး ကြီးကြီးမားမား မှုခင်းမျိုးမရှိပါ။

နောက်ဆက်တွဲ (၃)

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ရွာဟောင်း
ကျေးရွာအုပ်စု - တပ်ကုန်း
မြို့နယ် - ကျောက်ကြီး
တိုင်းဒေသကြီး / ပြည်နယ် - ပဲခူး

စီမံချက်အမည် - ရွာလယ်လမ်းဂဝံခင်းခြင်းလုပ်ငန်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ရွာလယ်လမ်းမှာ လမ်းအရှည် ၁၅၀၀' ရှိပြီး လက်ရှိလမ်းအကျယ်မှာ ၁၀', ထု ၆" ရှိပြီး ကျောက်ရောမြေလမ်းဖြစ်ပါသည်။ လမ်း၏ အချို့နေရာများသည် မိုးရာသီတွင် ရေလျှံ ရေဝပ်မှုများရှိသဖြင့် သွားလာရန်ခက်ခဲသောကြောင့် ဂဝံလမ်းအဆင့်မြှင့် ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

ကျေးရွာတွင်းရှိ သက်ကြီးရွယ်အိုများ၊ ကျောင်းသား/သူများ သွားလာရေးလွယ်ကူစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့စေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက ရွာဟောင်းကျေးရွာနှင့် တစ်ဆက်တည်းဖြစ်သော ရှမ်းလေးစုကျေးရွာ၊ ငှက်ပျောတောကျေးရွာများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • xxxxxxxxxx (ငွေသား) | • ကျေးလက်/ဦးစီး |
| • xxxxxxxxxx (ငွေသား) | • ကျေးရွာ |
| • xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၅၇၈ | ၅၅၅ | ၁၁၃၃ | ၂၇ | ၁၀၀ | ၄၂ | ၁၇ | ၁၈၆ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၅၇၈ | ၅၅၅ | ၁၁၃၃ | ၂၇ | ၁၀၀ | ၄၂ | ၁၇ | ၁၈၆ |

မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -

(၃) စီမံချက်ပြီးစီးမည့်အချိန် -

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**စီမံချက်လုပ်ငန်း အကောင်ထည်ဖော်မည့် အဆင့်များ**

| စဉ် | လုပ်ငန်း(Activity) | ရလဒ်(Result) |
|---|---|---|
| ၁ | စီမံချက်အကြောင်းအရာပြင်ဆင်ရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ အစည်းအဝေးများ | • စီမံချက်အကြောင်းအရာ အသေးစိတ် ရေးဆွဲပြီးခြင်း၊ |
| ၂ | စီမံချက်အကြောင်းအရာကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း | • စီမံချက်အကောင်အထည်ဖော်ရန် ကျေးလက်ဦးစီးဌာန၏ အတည်ပြုချက် ရရှိပြီးခြင်း |
| ၃ | စီမံချက်အတည်ပြုချက်ရယူနိုင်ရန် လိုအပ်သည်များ ဆောင်ရွက်ခြင်း (မရှင်းသည်များ ဖြေကြားခြင်း၊ ပြင်ရန်လိုသည်များ ပြန်လည်ပြင်ဆင်ခြင်း စသည်) | |
| ၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဘဏ်စာရင်းဖွင့်ခြင်း | • ကော်မတီဘဏ်စာရင်းသို့ ရန်ပုံငွေ |

| | | |
|---|---|---|
| ၅ | ကျေးလက်ဦးစီးဌာနသို့ ရန်ပုံငွေ တောင်းခံလွှာ တင်ခြင်း | လွှဲပြောင်းပြီးစီးခြင်း |
| ၆ | လုပ်ငန်းများလက်တွေ့ အကောင်အထည်ဖော်ခြင်း<br>○ xx<br>○ xx | • အကောင်အထည်ဖော်ရေးလုပ်ငန်း ပြီးစီးမှု ရာခိုင်နှုန်း |
| ၇ | လုပ်ငန်းပြီးစီးမှု လစဉ်အစီရင်ခံခြင်း | • လစဉ်လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများ |
| ၈ | စီမံချက်အကောင်အထည်ဖော်မှုပြီးစီးခြင်း<br>○ စီမံချက်ပြီးစီးမှုအခြေအနေ၊ ငွေကြေးရှင်းတမ်းများအား ကျေးရွာလူထုနှင့် ကျေးလက်/ဦးစီးဌာနသို့ တင်ပြခြင်း<br>○ ကျေးလက်/ဦးစီးဌာနက စီမံချက်ပြီးစီးမှုအား လေ့လာဆန်းစစ်ခြင်း<br>○ (လိုအပ်လျှင်) လုပ်ငန်းလည်ပတ်ရေး၊ရေရှည် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက အခြားအကောင်ထည်ဖော်မည့် ကော်မတီ (သို့) ဌာနသို့ လုပ်ငန်းလွှဲပြောင်း ပေးအပ်ခြင်း | • စီမံချက်လုပ်ငန်းပြီးစီးမှုအစီရင်ခံစာ<br>• စီမံချက်လုပ်ငန်းပြီးဆုံးကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အတည်ပြုချက်<br>• လုပ်ငန်းလွှဲပြောင်းပေးအပ်ပြီးခြင်း |